# အလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သုံးပွင့်ဆိုင် ဆွေးနွေးပွဲကျင်းပ

**မန္တလေး** **ဧပြီ ၂၀။**

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း နှင့် တာဝန်ရှိသူများသည် အလုပ်သမားဆေးရုံကြီး(မန္တလေး)သို့ သွားရောက်၍ ဆေးရုံအစည်း အဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံ အလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ် သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေး ပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ဆေးရုံလုံခြုံရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခု ထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့ပြီး အလုပ်သမားဆေးရုံး အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆေးကုသဝန်ဆောင်မှု ဆောင်ရွက်ပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး) သို့ သွားရောက်၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုမှုများ ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်မည့် အလုပ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေမှုများကို သိရှိစေရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သုံးပွင့်ဆိုင် ဆွေးနွေးပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်

ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများ စုစုပေါင်း (၁၂၀) ဦးခန့် တက်ရောက် ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် အလုပ် သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်ပြပွဲ၊ အလုပ်သမားရေးရာ Talk Show ၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ၊ စုပေါင်းသွေးလှူဒါန်းပွဲများနှင့် ရွှေ့လျား မော်တော်ယာဉ်ဖြင့် စက်ရုံ၊ အလုပ်ရုံအရောက် ကွင်းဆင်း ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေး နှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်လာစေရေးအတွက် သက်ဆိုင်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်(၃)ကြိမ် နှင့် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့၏ အလှည့်ကျ အတွင်းရေးမှူးချုပ်ရုံးတာဝန် (၁) ကြိမ်ကိုလည်း အောင်မြင်စွာထမ်းဆောင်ခဲ့ပါ ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်းမှာလည်း ကွန်ရက်အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသည့်အတွက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့နှင့် (၃၀)ရက်နေ့များတွင် (၂၃) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ညီလာခံနှင့် (၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားများကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရန်အတွက် ရလဒ် ကောင်းများကို ရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကား ပြောကြားရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် လုပ်သားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ကောင်းမွန်အောင်

ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု၊ လုပ်ငန်းခွင်ရောဂါရရှိမှုတွေကို လျော့နည်းစေပြီး ကုန်ထုတ်စွမ်းအား တိုးတက်စေသည့်အတွက် များစွာအကျိုးကျေးဇူးရှိပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များအနေဖြင့် အတွေ့အကြုံများ၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးဖလှယ်ပြီး သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မယ်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများနှင့် လုပ်ငန်းခွင် ပတ်ဝန်းကျင်တိုင်းတာရေး ကိရိယာများ ခင်းကျင်းပြသထားမှုများကို ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယအစီအစဉ်အဖြစ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက သုံးပွင့်ဆိုင် ဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ **ASEAN-OSHNET** ဆုရရှိသည့် စက်ရုံများမှ ကိုယ်စားလှယ်များက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခြင်း၊ **"လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းဖို့ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ပြောကြားခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ မှန်မှန်နှင့် ပြည့်ပြည့်ဝဝရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်ပေါ်လာစေရေး စစ်ဆေးစည်းကြပ်လျက်ရှိသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အပြင် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဆူညံသံနှင့် အလင်းရောင်ပမာဏတို့ သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို တိုင်းတာခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအကောင်အထည်ဖော်ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်